NOVEL AUTHOR TEAM

ဘာသာပြန် စာရေးသူ – Su Myat Aung

# အင်မော်တယ်သိုင်းသမား

## (ရှောင်းချန်)

(Chapter 1 - 15)

စာစဉ် - ၁

# အင်မော်တယ်သိုင်းသမား

ဘာသာပြန်သူ - Su Myat Aung

အမိကဇာတ်ကောင် .... ရှောင်းချန်

ဖော်ပြချက်

ထာဝရရှင်သန်သူ တစ်ယောက်အဖြစ် ကျင့်ကြံပြီး အထွတ်အထိပ်ကို တက်နိုင်တဲ့အပြင် ဘာကိုမှ ထိတ်လန့်စိုးရိမ်စရာ မလိုအပ်ဘဲ အားလုံးရဲ့ အထက်ကို ရောက်လာခဲ့တယ်။သိုင်းစွမ်းအားတွေ သုံးပြီး လောကကို အုပ်စိုးမယ်။ အခြားသူရဲကောင်းတွေကို အနိုင်ယူမယ်။

ကြာပွတ် တစ်ချက် အဝေ့မှာ ရာသီဥတု ပြောင်းလဲပြီး လက်တစ်ဖက် အရိုက်မှာ အရာအားလုံး ပြောင်းလဲတယ်။သူ့လို ထာဝရရှင်သန်ခြင်း လမ်းစဉ် လိုက်ပြီး သိုင်းပညာကိုပါ ကျင့်ကြံတဲ့သူကို ဘယ်လိုလူမျိုးကများ အနိုင်ပိုင်းနိုင်မှာတဲ့လဲ။

တစ်ရက်တွင် ရှောင်းချန်သည် ကျင့်ကြံခြင်းကျမ်းစာအုပ်ကို ဝယ်ခဲ့သည်။ သိပ်မကြာခင်မှာပင် သူက ထျန်းဂူ လောကသို့ ဖြတ်သန်းရောက်ရှိသွားခဲ့၏။ ထျန်းဂူလောကသည် သိုင်းပညာရှင်တို့ အုပ်စိုးသည့် လောကတစ်ခုဖြစ်သည်။ သူသည် ဆေးလုံးတွေ သန့်စင်သည်၊ အဆောင်လက်ဖွဲ့တွေ ဆွဲသည်၊ ဝင်္ကပါ ပညာကို လေ့ကျင့်သည်၊ လက်နက်တွေ ထုလုပ်သည်။ ထို့နောက် သူ ပိုင်သော လောကတွင် နှစ်ထောင်ကျော်ပျောက်ဆုံးနေသည့် မိုးပြာရောင် နဂါးသိုင်းဝိဉာဉ်ကို လေ့ကျင့်လေသည်။

ဒါက စိတ်လှုပ်ရှားစရာ ကောင်းပြီ ခမ်းနားတဲ့ ဒဏ္ဍာရီ တစ်ပုဒ်ကို ပြောပြ

တဲ့ ပုံပြင်တစ်ပုဒ်ပါ။

အပိုင်း တစ် ဘာကောင်းတာမှ မရှိဘူး

ထျန်းဝူ ကုန်းမြေ ၊မဟာချင်နိုင်ငံ၊ ချီကျီး တိုင်းပြည်၊ မော့ဟယ် မြို့ ရှောင်းကလန်

ရှောင်းချန်သည် ရှောင်းလန်၏ ခြံဝန်းအနောက်ဘက်ရှိ အိမ်တစ်အိမ်၏ အမိုးပေါ် တက်ထိုင်နေလေသည်။ ထိုနေရာမှ နေသာသော နေ့၏ ကြည်လင်သော ကောင်းကင်ကို မြင်ရသည်။ သို့သော်သူ၏ စိတ်အခြေအနေကမူ အလွန်အမင်း ဆိုးရွားနေလေသည်။ သူ စိတ်ဓာတ်ကျနေ၏။

'သူ ကျိန်တယ်။သူ မြေကမ္ဘာကိုသာ ပြန်ရောက်သွားမယ်ဆိုရင် ထောင်ပေါင်(အွန်လိုင်းဈေးဆိုင်)ကနေ ဘာမှ မဝယ်တော့ဘူး'

သူ သိုင်းကျမ်းစာအုပ်ကို ယွမ်၂၅ဝနှင့် ဝယ်ခဲ့ချိန်တွင် ဆိုင်ရှင်က ထို စာအုပ်နှင့်အတူ ထာဝရ ဆေးပါ ပါကာ သောက်လိုက်သူကို ထာဝရရှင်သန်သူတို့၏ လောကသို့ ပို့ဆောင်ပေးနိုင်ကြောင်း ပြောခဲ့သေးသည်။

ရှောင်းချန်းသည် ဒဏ္ဍာရီတွေနှင့် ထာဝရရှင်သန်သူတို့၏ သိုင်းတို့ကို အလွန် စိတ်ဝင်စားသူဖြစ်သည့်အလျောက် ချက်ချင်း ဝယ်ခဲ့ဖြစ်သည်။

သုံးနှစ်ခန့်ကြာသည်အထိ ထိုကျမ်းထဲတွင် ပါသော ကျင့်ကြံခြင်းသိုင်းကို သူ လေ့ကျင့်ခဲ့ပါသော်လည်း မည်သည့်တိုးတက်မှုမှ ရှိမလာခဲ့ပေ။ ဆေးလုံးသန့်စင်ခြင်း၊ အဆောင်လက်ဖွဲ့ လုပ်ခြင်း၊ ဝက်ပါ တည်ဆင်းခြင်း၊ လက်နက် သွန်းလုပ်ခြင်းတို့မှ လွဲလျှင် သူ ဘာကိုမှ မသိခဲ့ပါပေ။

သို့ရာတွင် ရှောင်းချန်က လက်မလျှော့ခဲ့ပေ။ သူ၏ မျှော်လင့်ချက်တို့ကို ဆေးလုံးထံ ပုံအပ်ထားလိုက်သည်။ ထိုဆေးလုံးသည် ထူးဆန်းသည့် ပုံစံရှိ

ပြီး အစိမ်းရင့်ရောင်ကြီး ဖြစ်နေသည်။

သူ တူဖြင့် ထုရန် တစ်ကြိမ် ကြိုးစားဖူးသော်လည်း ဆေးလုံးဝန်းကျင်တွင် အားစက်ကွင်းရှိနေသကဲ့သို့ သူ မည်မျှ ကြိုးစားပါပစေ အားစက်ဝိုင်းက ဖောင်းကြွလာခြင်းပင် မရှိခဲ့ချေ။

ထိုသို့သော လျှို့ဝှက်ဆန်းကျယ်သည့် ဖြစ်စဉ်က ရှောင်းချန်ကို ထိုဆေးလုံးကို စားကြည့်ချင်စိတ်ဖြစ်လာစေခဲ့သည်။

သို့သော်မည်သူမှ မထင်ထားသည်မှာ သူ စားလိုက်သည်နှင့် ဒဏ္ဍာရီထဲတွင် ပါ နေကြဖြစ်သော ထာဝရရှင်သန်သူတို့၏ လောကသို့ မရောက်သွားလေဘဲ ထျန်းဝူ လောကဟု ခေါ်သော သည်နေရာသို့သာ ရောက်လာလေသည်။

သူ အချိန်အတန်ကြာ ရွှံ့ခေါင်းလို တုံးအနေပြီးနောက်မှ သူဟာ အမှန်ပင် ဝိညာဉ်ကူးပြောင်းကာ သူနှင့်နာမည်တူသော ရှောင်းချန်၏ ကိုယ်ထဲသို့ ရောက်နေမှန်း သိလိုက်ရလေသည်။

‘ ဒါက သာမန် ပြန်လည်ရှင်သန်လာတဲ့ ပုံစံမျိုးဆိုရင် သူ ခံစားနိုင်ဦးမှာပါ။ အခုလို ဝိညာဉ်ကူးပြောင်းသွားတဲ့သူတွေက မာနကြီးပြီး မောက်မာကြတဲ့အပြင် လက်တစ်ဖက်ထဲနဲ့ မရေမတွက်နိုင်တဲ့ ကျွမ်းကျင်ပညာရှင်တွေကို အလဲထိုးနိုင်ကြတဲ့အပြင် လက်တစ်ဖက် ရမ်းပြလိုက်ရုံနဲ့ အလှလေးတွေက အော်ဟစ်ပြီး ပြုံတိုးဝင်လာတတ်တယ် မဟုတ်လား’

ထျန်းဝူကုန်းမြေကြီးသည် အင်အားကြီးသူကို လေးစားသည့် လောကဖြစ်သည်။သို့သော်သူပိုင်ထားသည့် သည်ခန္ဓာကိုယ်ပိုင်ရှင်ကမူ ကျင့်ကြံခြင်းလမ်းစဉ်မှ အမှိုက်ကောင်ဖြစ်လေသည်။ သူသည ‌အသက်၁၆နှစ်သို့ ရောက်နေသည့်တိုင် သိုင်းဝိညာဉ်ကိုတောင် မပိုင်ဆိုင်နိုင်သေးချေ။

ရှောင်းကလန်သည် မော့ဟယ် ကလန်မှ နံပါတ်တစ် ကလန်ကြီးဖြစ်ကာ သူကလည်း ကလန်ခေါင်းဆောင်၏ သားတစ်ယောက် ဖြစ်သည်။ ကြားရသည်မှာ နားထောင်ကောင်းသည့်တိုင် သူ၏ ကျင့်ကြံခြင်း ပါရမီကြောင့် အစေခံတွေကပင် သူ့ကို အထင်သေးကြလေသည်။မော့ဟယ်မြို့တွင် အမှိုက်ကောင်ရှောင်းချန်ကို မသိသူ မရှိပေ။ထို့ကြောင့် သူ အပြင်ထွက်လျှင်ပင် အခြားသူတို့၏ လှောင်ပြောင်ခြင်းကို ခံရစေသည်။

" ရှောင်းသခင်လေး ပထမအကြီးအကဲက သခင်လေးကို သိုင်းခန်းမကိုလာပြီး စွမ်းရည်ကို စစ်ဆေးခိုင်းပါတယ်။ သခင်လေး ဘာလုပ်စရာမှ မရှိရင်သွားသင့်ပါတယ်။ ကျွန်မက တာဝန်ကျေအောင် လာပြောပေးတာပါ။ သွားတာ မသွားတာကတော့ ဆန္ဒအတိုင်းပါ"

ထိုအသံက သူ့အတွေးတွေမှ လှုပ်နိုးလိုက်သည်။ပြောလိုက်သူက အစေခံမ တစ်ယောက်သာ ဖြစ်သည်။သို့သော်သူက အမိုးပေါ် ထိုင်နေသည့် ရှောင်းချန်ကို တစ်ချက်ပင် မော့ကြည့်မသွားဘဲ ပြောချင်တာ ပြောပြီး ထွက်သွားလေသည်။

ရှောင်းကလန်သည် အဆင့်တစ် ကလန်တစ်ခု ဖြစ်သည့်အလျောက် အစေခံတွေကပင် သိုင်းတတ်ကြသည်။ မတိုင်မီက ပြောသွားသော အစေခံဆိုလျှင်ရာထူးမမြင့်ပေ။ သို့သော်သူမက အသက်၁၂နှစ်မှာ သိုင်းဝိဉာဉ်ကို ထုတ်ဖော်နိုင်ခဲ့ပြီး အသက်၁၆နှစ်အထိ သိုင်းဝိဉာဉ် မပိုင်သေးသည့် ရှောင်းချန်ထက် များစွာ သာသည်။ထို့အပြင် ယခင်ရှောင်းချန်က အဆင့်အတန်းကို သုံးကာ ထိုအစေခံတွေနှင့် ကလူခဲ့သေးသည့်အတွက်သူ၏ သိက္ခာက များစွာ ကျဆင်းခဲ့ရပေသည်။ ထို့ကြောင့် မည်သူကမှ မလေးစားခြင်းဖြစ်သည်။

သို့သော်သူ့အာရုံကမူ အစေခံမထက် ပြောသွားသည့် စကားထံသာ

ရောက်နေသည်။ရှောင်းကလန်သည် စွမ်းရည် စစ်ဆေးခြင်းကို သုံးလတစ်ကြိမ် ကျင်းပသည်။

သည်ခန္ဓာကိုယ်မှ မှတ်ဉာဏ်တွေအရ ရှောင်းချန်သည် ရှောင်းကလန်မှ လူတိုင်း ငယ်ငယ်ကြီးကြီး သုံးလတစ်ကြိမ် စမ်းသပ် စစ်ဆေးခံရကြောင်း သိထားသည်။

ဒါက သူတို့၏ တိုးတက်မှုနှင့်အဆင့်အတန်းကို သိနိုင်ရန် ဖြစ်သည်။ တိုးတက်လာသူတို့က ချီးမြှင့်ခံရပြီး မတိုးတက်ဘဲ အပျင်းတစ်နေသူတို့ကား အပြစ်ပေးခံရသည်။

အပြစ်ပေးခံရခြင်းကား အပြစ်ပေါ့မူတည်ပြီး သက်ညှာခြင်းနှင့် ကြီးလေးခြင်းတို့ရှိသည်။ ကလန်၏ လူငယ်အများစုသည် သည်လိုနေ့မျိုးတွင် စိတ်အခြေအနေ ကောင်းနေလေ့ရှိသည်။ ပါရမီကောင်းပြီး တိုးတက်ခဲ့သူတို့သည်သ ည်လိုနေ့လို မျှော်မှန်းကာ လူအများရှေ့တွင် စွမ်းအား ထုတ်ပြခွင့်ရရန် ကြိုးစားလေ့ရှိသည်။

သို့ရာတွင်သည်နေ့က ရှောင်းချန်အတွက် ညင်းပန်နှိပ်စက်ခံရသည့် နေ့ဖြစ်သည်။ သူ အသက်ရှစ်နှစ်တွင် ကျင့်ကြံခြင်းအဆင့် တိုးတက်ခြင်း ရပ်တန့်သွားကတည်းက သူဟာစိတ်ဝိဉာဉ် သန့်စင်ခြင်း နယ်မြေအဆင့်ကိုးမှ မတက်တော့ပေ။ သူသည် သူ၏ ကိုယ်ပိုင်သိုင်းဝိဉာဉ်ကိုပင် မထုတ်ဖော်နိုင်လေဘဲ အစစ်အမှန် သိုင်းပညာရှင် ဘဝသို့ မတက်ရောက်နိုင်ခဲ့သေးချေ။

ရှစ်နှစ်တိုင်တိုင်သူ သ ည်လိုနေ့တိုင်းတွင် နှိပ်စက်ညင်းဆဲခံရလေသည်။ သူ စမ်းသပ်လိုက်တိုင်း သူသည် အဆင့်ကိုးမှ မတက်ကြောင်း တွေ့ရသည်။ သူ့အသက်အရွယ်ရှိ အခြားလူငယ်တို့ဆိုလျှင် သိုင်းတပည့်အဆင့်သို့ ရောက်နေလေပြီး အချို့သော ပါရမီကောင်းသူတို့ဆိုလျှင် သိုင်းသခင်နယ်မြေသို့ ရောက်နေလေသည်။

ရှောင်းချန် သိုင်းခန်းမသို့ ရောက်သည့်အချိန်တွင် ကြီးမားသော သိုင်းလေ့ကျင့်ရေးကွင်းထဲတွင် လူအပြည့်ရှိနေကြောင်း မြင်ရလေသည်။ ရေတွက်ကြည့်မည်ဆိုလျှင် အယောက် ၈၀၀ထက် မနည်းနိုင်ပေ။ အားလုံးဟာ ရှောင်းကလန်မှ လူငယ်မျိုးဆက်တွေဖြစ်ကြပေသည်။ ထိုထဲမှ မည်သူမှ အသက်၂၀မကျော်ပေ။ အားအနည်းဆုံးသူပင် သိုင်းတပည့်အဆင့်သို့ ရောက်နေပြီဖြစ်ကာ မော့ဟယ်မြို့မှ နံပါတစ် ကလန်၏ အင်အားကို ရှောင်းချန် ရှင်းလင်းစွာ့မြင်လိုက်ရပေသည်။

သူက ထောင့်တစ်ထောင့်ရှာကာ ရိုးရှင်းစွာ ရပ်နေလိုက်သည်။ သူ တောက်ပမည်ဟုလည်းမ ထင်ထားပါပေ။မြန်မြန်လာ မြန်မြန်ပြီးဆိုသည့် အတိုင်း ငြိမ်းချမ်းစွာသာ ပြီးဆုံးသွားလိုပေသည်။

ထိုအချိန်တွင် မော်စည်းကျောက်တုံး အနားတွင် လူအိုကြီးတစ်ယောက် ရပ်နေကာ အားလုံးကို တိုးတက်မှုတို့ တိုင်းတာပေးနေလေသည်။ထိုသူသည် ရှောင်းကလန်မှ ပထမအကြီးအကဲ ရှောင်းချန်းဖြစ်သည်။ သူသည် သိုင်းမဟာဆရာသခင်အဆင့်သို့ ရောက်နေပြီဖြစ်ကာ ခါင်းဆောင် ရှောင်းရှုံးပြီးလျှင် စွမ်းအားအကြီးဆုံးဖြစ်ပြီး မော့ဟယ်မြို့မှ ထိပ်တန်းအဆင့် ကျွမ်းကျင်ပညာရှင် တစ်ယောက်လည်း ဖြစ်သည်။

အသက်၁၈ သို့ ၁၉အရွယ်ရှိမည့် ကောင်လေးတစ်ယောက်က ကျောက်တုံးရှေ့ရပ်ကာ စမ်းသပ်ရန် ပြင်နေသည်။သို့သော် ထိုအချိန်တွင်ပင် ထောင့်တစ်နေရာမှ ရှောင်းချန်ကို တွေ့လိုက်လေသည်။

သူ၏ နှုတ်ခမ်တွေက ကော့တက်သွားတော့သည်။ သူက အထင်တသေး ပြုံးကာ ပြောလိုက်သည်။

" ဆိုတော့ ညီငယ်ချန်းလည်း ရောက်နေပြီကိုး။ ဒါကို ဘာလို့များေ ထာင့်နား ရပ်နေရတာလဲ။ လာပါ အစ်ကိုကြီးက ညီငယ်ချန်းကို ဦးစားပေးမယ်

လေ။ "

ရှောင်းချန် ခါးသီးစွာ ပြုံးလိုက်သည်။ မင်း ရှောင်လေလေ ထိုကိစ္စက ဖြစ်လာလေလေ ဆိုသကဲ့သို့ပင် သူသ်လည်း ခပ်ဝေးဝေးတွင် ရပ်နေသည့် တိုင်း အခြားတစ်ယောက်က မြင်သွားသေးလေသည်။ ထိုသူသည် ရှောင်ကျန်းဖြစ်ကာ အဖေတူပြီး အမေကွဲသည်။ ယခုလို စွမ်းအားစစ်ဆေးချိန်တိုင်း ရှောင်းချန်ကို ခက်ခဲအောင် လုပ်သူလည်း ဖြစ်သည်။

ရှောင်းချန်သည် အသက်လေးနှစ်တွင်စတင် ကျင့်ကြံသည်။ တစ်နှစ်အတွင်းမှာပင် သူက ကောင်းကင်နှင့်မြေကြီးမှ အဆီအနှစ်ကို ခစားနိုင်ခဲ့ကာ နောက်တစ်နှစ်တွင် အဆင့်တစ်သို့ ရောက်ခဲ့သည်။ နောက်ထပ် သ ုံးနှစ်ကြာပြီးနောက် သူ့အသက် ရှစ်နှစ် မပြည့်ခင်မှာပင် သူသည် စိတ်ဝိဉာဉ်သန့်စင်ခြင်း နယ်မြေ၏ အဆင့်ကိုးသို့ ရောက်လာသည်။ဒါက သိပ်မကြာခင်မှာ သိုင်းဝိဉာဉ်ကို နှိုးဆွနိုင်ပြီး အစစ်အမှန် သိုင်းပညာရှင် ဖြစ်လာတော့မည်ကဲ့သို့ ထ င်ရစေသည်။ထို့ကြောင့် နှစ်တစ်ရာ ကြာလျှင်ပင် ပေါ်လာခဲသည့် ပါရမီရှင်ဖြစ်လာတော့သည်။

ထိုအချိန်က ရှောင်းကျန်းဟာ အဆင့်ငါးတွင်သာ ရှိခဲ့သည်။ ရှောင်းချန်ကိုသာ အားလုံးက အာရုံစိုက်ကြပြီး အကြီးအကဲတွေကလည်း သူ့ကိုသာ အရင်းအမြစ်တွေ ပံ့အောပေးခဲ့ကြ၏။ထို့ကြောင့် ရှောင်းကျန်းသည် မေ့လျော့ခံ အိမ်မွေး သတ္တဝါလေး တစ်ကောင်အလား ဖြစ်ခဲ့လေသည်။

ထိုအချိန်ကစပြီး ရှောင်းကျန်းက ရှောင်းချန်ကို မုန်းခဲ့သည်။

‘ သူတို့နှစ်ယောက်လုံးက ရှောင်းရှိုးရဲ့သားတွေလေ ဘာလို့ ရှောင်းချန်ကိုပဲ ဝိုင်းချစ်ကြပြီး သူ့ကိုတော့ မေ့နေကြတာလဲ’

ပတ်ဝန်းကျင်ရှိ တပည့် ဂိုဏ်းသားတို့ကလည်း မျှော်လင့်ချက်အလင်းရောင်တို့ ထုတ်လွှတ်လာကြသည်။ သုံးလတစ်ကြိမ် စစ်ဆေးတိုင်း

ရှောင်းကျန်းဟာ ရှောင်းချန်ကို ခက်ခဲအောင် လုပ်နေကြဖြစ်သည်။ ထို့ကြောင့် သူတို့ကျင့်သားရနေလေပြီ။ထို့အပြင် အလွန် ပါရမီကြီးခဲ့သူဟာ ယခုလို စုတ်ပြတ်သတ်သွားသည့်အခါ သူတို့၏ စိတ်ထဲ ကျေနပ်မှုကို ခံစား ရလေသည်။

***